၉-၁၅ ဖေဖော်ဝါရီ ၊ ၂၀၁၆ Vol.38
China • YUNNAN
HEADLINE
Yunnan Daily Press Group ရန်ကုန်တိုင်းမ် THE YANGON TIMES A

# ယူနန်ပြည်နယ်သည် အအေးလှိုင်းကို အစွမ်းကုန်ရင်ဆိုင်

သတင်းထောက်သည် ယူနန်ပြည်နယ်မိုးလေးဝသဌာနမှ ရရှိသောသတင်းအရဇန်နဝါရီလ ၂၃ရက်၁၂း၅၀နာရီတွင် ယူနန်ပြည်နယ် မိုးလေဝသဌာနသည် ကြီးလေးသော မိုးလေဝသ ဘေးဆိုင်ရာ အရေးပေါ်တုံ့ပြန်မှု အဆင့်(၄)ကို အဆင့်(၃)အဖြစ် မြှင့်တင်ခဲ့ပါကြောင်း၊ ကူမင်း၊ ချွေကျင့်၊ ယွိရှီး၊ ကျောက်ထုံး၊ ဟုန်ဟော်၊ ဝင်စန်း၊ ဖူးလ်၊ လိကျန်းနှင့် ထိခိုက်ဖွယ်ရှိကောင်းရှိနိုင်သည့် ပြည်နယ်ခွဲ/မြို့မိုးလေဝသဌာန အသီးသီးတို့သည် လက်တွေ့သုတေသန ခန့်မှန်းချက်အရ သက်ဆိုင်ရာ အရေးပေါ်တုံ့ပြန်မှုအဆင့်ကို ဆက်လက်ထိန်းသိမ်း(သို့) ဝင်ရောက်သွားမည်ဖြစ်ပြီး အအေးလှိုင်းကို အစွမ်းကုန် ရင်ဆိုင်ရမည်ဖြစ်ကြောင်း သိရှိရသည်။

ယူနန်ပြည်နယ် မိုးလေဝသဌာနသည်ဇန်နဝါရီလ၂၃ရက် ၁၆း၄၀နာရီတွင် အအေးလှိုင်းအတွက် လိမ္မော်ရောင် သတိပေးမှုကို ထုတ်ပြန်ခဲ့သည်။ ၄င်းတို့မှာလက်ရှိတွင် အအေးလှိုင်းသည် ချုရှုံပြည်နယ်ခွဲအရှေ့ပိုင်း၊ယွိရှီးမြို့၊ ဟုန်ဟော်ပြည်နယ်ခွဲတို့သို့ ဝင်ရောက်သွားပြီးဖြစ်ကြောင်း၊ ၄င်းအနက် ကျောက်ထုံးမြို့၊ ချွေကျင့်မြို့၊ ကူမင်းမြို့၊ ဝင်စန်းပြည်နယ်ခွဲတို့တွင် နေရာအနှံ့အပြား၊ ဟုန်ဟော်ပြည်နယ်ခွဲ မြောက်ပိုင်းစသည့် ဒေသများတွင် ဆီးနှင်းကျခဲ့ပြီးဖြစ်ကြောင်း၊ ၂၄ရက်ညမှ၂၅ရက်အထိ အအေးလှိုင်းသည် ယူနန်ပြည်နယ်အတွင်းရှိ နေရာအနှံ့အပြားသို့ ဝင်ရောင်သွားမည်ဟု ခန့်မှန်းရပြီးယူနန်အလယ်ပိုင်းမှ မြောက်ပိုင်းအထိ၊ အရှေ့တောင်ပိုင်း ဒေသများတွင် အငယ်စား၊ အလတ်စားသော ဆီးနှင်းကွက်ကျား ကျမည်ဖြစ်ကောင်း ဖြစ်နိုင်ကြောင်း၊ ယူနန်အလယ်ပိုင်းမှ အရှေ့ပိုင်း၊ မြောက်ပိုင်းအထိ နေရာအနှံ့အပြားတွင် အမြင့်ဆုံးအပူချိန်မှာ ၅အောက်သို့ရောက်ရှိပြီးအနိမ့်ဆုံးအပူချိန်မှာ -၂°Cအောက်သို့ ရောက်ရှိနိုင်ကြောင်း၊ ယူနန်တောင်ပိုင်း နေရာအနှံ့အပြား၏ အနိမ့်ဆုံးအပူချိန်မှာ ၅°Cအောက်သို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

၂၄ရက် နံနက်မှ ယနေ့အထိ မိုးလေဝသခန့်မှန်းချက်အရ လိကျန်းမြို့၊ ကျောက်ထုံးမြို့၊ ချွေကျင့်မြို့၊ ကူမင်းမြို့၊ ချုရှုံပြည်နယ်ခွဲ၊ တာ့လီပြည်နယ်ခွဲအရှေ့ပိုင်း၊ ယွိရှီးမြို့မြောက်ပိုင်း၊ ဝင်စန်းပြည်နယ်ခွဲ၊ ဟုန်ဟော်ပြည်နယ်ခွဲ မြောက်ပိုင်းစသည့် ဒေသများတွင် မိုးအုံ့နိုင်မည်ဖြစ်၍အသေးစား၊ အလတ်စားဆီးနှင်း(သို့) ဆီးနှင်းအကြီး ကွက်ကျားကျနိုင်ဖွယ်ရှိကြောင်း၊ ဖူးလ်မြို့၊ စစ်ဆောင်ပန်နားပြည်နယ်ခွဲ၊ ဟုန်ဟော်ပြည်နယ်ခွဲတောင်ပိုင်းတို့တွင် မိုးအုံ့ပြီး အသေးစားမှ အလတ်စားအထိ မိုးရွာနိုင်မည်ဖြစ်ကြောင်း၊ အခြားသောဒေသများတွင် မိုးအုံ့တိမ်ထူ၍ မိုးသေးမှ အလတ်စားမိုးကွက်ကျားရွာသည်အထိ ဖြစ်ပွားနိုင်ကြောင်း၊ ၂၅ ရက်တွင် တီချင့်ပြည်နယ်ခွဲ၊ နုကျန်းပြည်နယ်ခွဲမြောက်ပိုင်း၊ ကျောက်ထုံးမြို့၊ ချွေကျင့်မြို့ မြောက်ပိုင်းတို့တွင် မိုးအုံ့ပြီး ဆီနှင်းအသေးကျပြီး အလတ်စားဆီးနှင်းကွက်ကျား ကျနိုင်ကြောင်း၊ ချွေကျင့်မြို့တောင်ပိုင်း၊ ကူမင်းမြို့အရှေ့ပိုင်း၊ ယွိရှီးမြို့မြောက်ပိုင်း၊ ဝင်စန်းပြည်နယ်ခွဲ၊ ဟုန်ဟော်ပြည်နယ်ခွဲ မြောက်ပိုင်းတို့တွင် မိုးအုံ့ပြီးမိုးရေနှင့် ဆီးနှင်းရောနှော၍ ရွာကျနိုင်ကြောင်း၊ အခြားဒေသများတွင်မိုးအုံ့ပြီးမိုးသေးနှင့် နေရာကွက်ကျားအလတ်စားမိုးရွာနိုင်ကြောင်း သိရှိရသည်။


ကူမင်းမြို့သူမြို့သားများက လေအေးလွှန်ရာသီတွင် စင်ရော်များကို အစာကျွေးနေစဉ်။


မြို့သူမြို့သားများ ခက်ခဲစွာ ခရီးထွက်နေစဉ်။


ယဉ်ထိန်းရဲများ လမ်းပေါ်ရှိ ဆီးနှင်းများကို ရှင်းလင်းနေစဉ်။

# တရုတ်-မြန်မာနိုင်ငံတကာရထားလမ်းမှ နုကျန်းမြစ်ကူးအထူးအကြီးစားတံတားစတင်ဆောက်လုပ်

တရုတ်-မြန်မာ နိုင်ငံတကာရထားလမ်းရှိ တာ့လီ-ရွှေလီလမ်းပိုင်း၏ ထိန်းချုပ်သည့် အခန်းထဲပါဝင်နေသော ဆောက်လုပ်ရေး လုပ်ငန်းဖြစ်သည့် နုကျန်းမြစ်ကူး အထူးအကြီးစားတံတားကိုဇန်နဝါရီ ၂၄ရက်က စတင်ဆောက်လုပ်လိုက်သည်။ ယင်းတံတားသည်လည်း လက်ရှိတွင်ကမ္ဘာ၌ အလျားအရှည်ဆုံးသောသံဘောင် ရထားလမ်းပေါ်မှခုံးတံတားဖြစ်သည်။

ယူနန်ပြည်နယ် စီးတျန့်ခရိုင်နှင့် လုံလင်ခရိုင်၏ နယ်နိမိတ်ချင်း ထိစပ်ရာနေရာတွင် တည်ရှိသည့် နုကျန်းမြစ်ကူးအထူးအကြီးစား တံတားသည် စုစုပေါင်းအလျား (၁၀၂၄.၂)မီတာရှိသည်။ မြစ်ပြင်မှ တံတားမျက်နှာပြင်အထိ အမြင့်မှာ(၂၁၁)မီတာရှိသည်။ တံတား၏ ပင်မဘောင်တွင် အရှည်(၄၀၀)မီတာရှိသော သံမဏိအခုံးဘောင်ကို အသုံးပြုပြီး နုကျန်းမြစ်ကို ယင်းတံတားဖြင့်ဖြတ် ကျော်နိုင်သည်။ လက်ရှိတွင်ကမ္ဘာပေါ်၌ အလားတူရထားလမ်းတံတားမျိုးအနက်အလျားအရှည်ဆုံးသော တံတားကြီးဖြစ်သည်။

တံတားကိုတာဝန်ယူ ဆောက်လုပ်လျက်ရှိသည့်တရုတ်ရထားလမ်းလုပ်ငန်းအမှတ်(၁၈) ဆောက်လုပ်ရေး အုပ်စုတာ့(လီ)-ရွှေ(လီ) ရထားလမ်းဆောက်လုပ်ရေးလုပ်ငန်းမှ ကွပ်ကဲရေးမှူး ယန်စုရှင်းကကောင်းလိကုန့်တောင်နှင့် နုကျန်းမြစ်တို့၏ ထူးကဲလှသည့် ပထဝီအနေအထားဆိုင်ရာ ကန့်သတ်မှုများကြောင့် နုကျန်းဘူတာရုံကို တံတားမျက်နှာပြင်ပေါ်တွင်ပင် ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း၊ (၄)လမ်းသွားသော တံတားမျက်နှာပြင်၏ အကျယ်(၂၄.၉)မီတာရှိသဖြင့် ပြည်တွင်းအလားတူ ရထားလမ်းတံတားများအနက် အကျယ်ဆုံးဖြစ်ကြောင်း၊ ထို့ပြင်နုကျန်းမြစ်ကူး အထူးအကြီးစား တံတားအတွက် သံမဏိသုံးစွဲမှုပမာဏမှာတန်ချိန် ၄.၆သောင်းကျော်ရှိပြီးပြည်တွင်း အလားတူ တံတားများအနက် ရှားပါးလှကြောင်း၊ သံမဏိဘောင်၏ ထုတ်လုပ် အချောကိုင်ရန် စေ့စပ်မှု၊ ဝေဟင်တွင် သက်စွန့်ဆံဖျားတပ်ဆင်သော ခက်ခဲမှုနှင့် စွန့်စားမှုတို့မှာလည်း ပြည်တွင်းတွင် တွေ့တောင့်တွေ့ခဲပါကြောင်း သတင်းထောက်အား ပြောကြားသည်။

"ဒီတံတားကြီးဟာကျနော်တို့ တရုတ်နိုင်ငံရထားလမ်း တံတားဆောက်လုပ်ရေးမှာ အမှတ်လက္ခဏာဆောင်လောက်တဲ့လုပ်ငန်းတစ်ရပ်ပါ။ ကျနော်တို့ဟာ ဒီဇိုင်းရေးဆွဲရေး၊ သုတေသနပြုရေးနဲ့ ကြီးကြပ်ရေးဌာနတို့နဲ့ ပူးပေါင်းပြီး သိပ္ပံနည်းပညာ အခက်အခဲများကိုဖြေရှင်းခဲ့တယ်။

ပြည်တွင်းရထားလမ်းဆောက်လုပ်ရေးလုပ်ငန်းမှာ BIMနည်းပညာကို ပထမဆုံးအကြိမ် အသုံးပြုခဲ့တယ်။ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ 3D ပုံဆွဲနည်းနဲ့ ဆောက်လုပ်ရေးလုပ်ငန်းမှ လုပ်ထုံးလုပ်နည်းအရပ်ရပ်ကို ကြိုတင်အတုယူခဲ့တယ်၊ ဒီဂျစ်တယ်နှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာများနဲ့ တံတားဆောက်လုပ်ရေး လုပ်ငန်းများကို ကြီးကြပ်ညွှန်ကြားပေးခဲ့တယ်"ဟု တရုတ်ရထားလမ်း ဆောက်လုပ်ရေးလုပ်ငန်းအမှတ်(၁၈)အုပ်စုကုမ္ပဏီ(၂) နုကျန်းမြစ်ကူးအထူး အကြီးစားတံတား၏ လုပ်ငန်းရပ်ဆိုင်ရာ မန်နေဂျာဖြစ်သူ ယွီချန်ပင်းကပြောကြားသွားသည်။

ကူမင်းမြို့မှ မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ဆက်သွယ်နိုင်မည့် တရုတ်-မြန်မာနိုင်ငံတကာ ရထားလမ်း၏ စုစုပေါင်းအရှည်မှာကီလိုမီတာ(၁၉၂၀)ရှိပြီး တရုတ်ပြည်တွင်းလမ်းပိုင်းအရှည်မှာ ကီလိုမီတာ(၆၉၀)ရှိသည်။ ၄င်းအနက် ကီလိုမီတာ(၃၅၀)ရှည်လျားသော ကူမင်း-တာ့လီလမ်းပိုင်းကို တည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်သည်။ နုကျန်းမြစ်ကူး အထူးအကြီးစားတံတားကို ဘက်စုံဆောက်လုပ်လာနှင့်အမျှ ကီလိုမီတာ(၃၅၀) ရှည်လျားသော ကူမင်း-တာ့လီလမ်းပိုင်း၏ ဆောက်လုပ်ရေးလုပ်ငန်းသည် အခက်ခဲဆုံးသော အဆင့်သို့ ဝင်ရောက်လာပြီဖြစ်သည်။ တစ်လမ်းလုံးဆောက်လုပ်ပြီးစီး၍ ရထားပြေးဆွဲပါက တာ့လီ-ရွှေလီအသွားခရီးအတွက် ယခင်(၇)နာရီမှ (၂)နာရီကျော်အထိအတိုချုံ့လာနိုင်မှာဖြစ်သည်။ ကူမင်း-ရွှေလီအသွားခရီးအတွက်(၆)နာရီခွဲသာလိုတော့သည်။

ချီကျုံရှီး၊ ယွိအန်းမို

ပိုမိုများပြားသော
သတင်းအချက်အလက်များကို
သိလိုလျှင် ယူနန်အမြန်သတင်းစဉ်
ဝဂ်ဆိုက် ကိုဝင်ရောက်ပါ။

# ယူနန်ပြည်နယ်သည် အရှေ့တောင်အာရှ၊ တောင်အာရှနိုင်ငံ (၂၀) နိုင်ငံများအတွက် အထူးငွေလဲလှယ်ခွင့်ပြုပေး

(၅)နှစ်တာကာလအတွင်း ယူနန်ပြည်နယ်၏ ငွေရေးကြေးရေးတံခါးဖွင့်ရေး အဆင့်အတန်းသည် သိသာစွာမြှင့်တင်လာပြီးနိုင်ငံခြားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးစေသော အကျိုးသက်ရောက်မှုလည်း သိသာစွာ ပေါ်ထွက်လာနေသည်။

တရုတ်ပြည်သူ့ဘဏ် ကူမင်းဗဟိုဘဏ်ခွဲ၏ စာရင်းအရ "(၁၂)ခုမြောက်ငါးနှစ်စီမံကိန်း" ကာလအတွင်း ယူနန်ပြည်နယ်သည် တရုတ်ယွမ်ငွေဖြင့် ထိုင်းဘတ်ငွေ၊ ဗီယက်နမ်ဒေါင်ငွေ၊ လာအိုကိပ်ငွေစသည့် နိုင်ငံခြားငွေနှင့် ဘဏ်ကောင်တာတို့၌ ဆိုင်းဘုတ် တပ်လဲလှယ်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုင်းဘတ်ငွေ၊ မလေးရှားဒေါ်လာ၊ ဗီယက်နမ်ဒေါင်ငွေ၊ ကမ္ဘောဒီးယားရီးလ်ငွေ၊ လာအိုကိပ်ငွေနှင့် မြန်မာကျပ်ငွေစသည့် အရှေ့တောင်အာရှ၊ တောင်အာရှ နိုင်ငံခြားငွေမျိုး (၂၀)နီးပါးအတွက် အထူးငွေလဲလှယ်ခွင့်ပြုပေးခဲ့ပြီး ဘဏ်များအကြားဒေသတွင်းဈေးကွက်ဖြင့် ထောက်ခံပေးသော၊ ဘဏ်ကောင်တာ၌ ရောင်းဝယ်မှုဖြင့် အခြေခံသော၊ အထူးငွေလဲလှယ်ခွင့်ပြုမှုဖြင့် ဖြည့်စွက်ပေးသော ဘက်ပေါင်းစုံ၊ အဆင့်ဆင့်သော ငွေလဲလှယ်မှုစနစ်ကို ဖြစ်တည်စေခဲ့သည်။

တစ်ချိန်တည်းတွင် တစ်နိုင်ငံလုံး၌ ပထမဆုံးသော တရုတ်-မြန်မာငွေလဲလှယ်မှုစင်တာကို တယ်ဟုန်ပြည်နယ်ခွဲတွင် ဆိုင်းဘုတ်တပ် တည်ထောင်ခဲ့ပြီး "ရွှေလီအညွှန်းကိန်း"ကို ဖြစ်တည်လာခဲ့သည်။ ထို့ပြင်တစ်နိုင်ငံလုံးတွင် ပထမဆုံးသော နယ်စပ်ဖြတ်ကျော် လက်ငေး ထိုင်းဘတ်ငွေ သယ်ဆောင်ရန် အစိမ်းရောင်လမ်းကြောင်းကို တည်ထောင်နိုင်ခဲ့ပြီး အမြဲတမ်းလုပ်ငန်းရပ်အောက်မှ တစ်သီးပုဂ္ဂလဆိုင်ရာ နယ်စပ်ဖြတ်ကျော်ယွမ်ငွေစာရင်းရှင်းလုပ်ငန်းကို စမ်းသပ်ခဲ့သည်။ NRAဘဏ်စာရင်း ဖွင့်လှစ်ရန်၊ စီးပွားရေးလုပ်ငန်းနှင့် တစ်သီးပုဂ္ဂလများ ကပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် ပိုမို အဆင်ပြေလွယ်ကူစေနိုင်သည်။

နိုင်ငံခြားငွေကို ပိုမိုနက်ရှိုင်းစွာ စီမံအုပ်ချုပ်ရေး၊ ပြုပြင်ပြောင်းလဲရေး၊ ဆန်းသစ်တီထွင်ရေးနှင့် အဆင်ပြေလွယ်ကူစွာ ကုန်သွယ်ရန်၊ ရင်းနှီးမြှုပ်နှံရန်တိုးမြှင့်စေရေးဘက်တွင် ယူနန်ပြည်နယ်သည် နယ်စပ်ဖြတ်ကျော် ယွမ်ငွေချေးမှုလုပ်ငန်း၊ နယ်စပ်ဖြတ်ကျော်အပြန်အလှန် ယွမ်ငွေရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကိုအစွမ်းကုန် ဖြန့်ဖြူးပြီးစီးပွားရေးလုပ်ငန်းများအား အကုန်အကျသက်သာသောပြည်ပအရင်းငွေကို အသုံးပြုရန် တွန်းအားပေးခဲ့သည်။ ထိုင်း၊ လာအိုစသည့်နိုင်ငံမှ ဗဟိုဘဏ်များနှင့် ကောင်းမွန်သောငွေရေးကြေးရေး ပူးပေါင်းဖလှယ်ရေးဆက်ဆံမှုကို တည်ထောင်ထားပြီး ဗီယက်နမ်၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်စသည့် တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံမှ ဗဟိုဘဏ်များနှင့် ရင်းနှီးသောဆက်ဆံမှုကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။ အထူးသတိထားသင့်သည်မှာ ယူနန်ဖူတျန်းဘဏ်မှ ရှယ်ယာထိန်းချုပ်ထားသော လာအို-တရုတ်ဘဏ်သည်တရုတ်မြို့ပြစီးပွားရေးဘဏ်က ပြည်ပ၌ဖက်စပ်၍ တည်ထောင်ထားသောပထမခုမြောက်သော စီးပွားရေးဘဏ်အဖွဲ့အစည်းဖြစ်လာသည်။

ထို့ပြင်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စွန့်စားမှုကာကွယ်ရေးတို့ကို တစ်ပါတည်းအလေးထားဆောင်ရွက်ခဲ့သဖြင့် စွန့်စားမှုကာကွယ်ရေးစနစ်သည် ပိုမို ပြီးပြည့်စုံလာပြီး ငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်အုပ်ချုပ်ရန်စွမ်းရည်သည် အဆက်မပြတ်မြှင့်တင်လာကာ ကောင်းမွန်သော၊ စနစ်ကျသော ငွေရေးကြေးရေးစနစ်ကို ထိမ်းသိမ်းနိုင်ခဲ့သည်။ 《ငွေရေးကြေးရေးလုပ်ငန်းကတိ စောင့်ရန်စီမံခန့်ခွဲမှုစည်းမျဉ်း》ကို ထုတ်ပြန်ထားသော အခွင့်ကောင်းယူပြီး လူမှုကတိစောင့်ရေးလုပ်ငန်းများကို အားထုတ်တည်ထောင်နိုင်ခဲ့သည်။ ငွေရေးကြေးရေး ကြီးကြပ်အုပ်ချုပ်ရေးဆိုင်ရာ ပူးတွဲစည်းဝေးရေးစနစ်ကို တည်ထောင်ထားပြီး ငွေရေးကြေးရေးကြီးကြပ်အုပ်ချုပ်ရေး၊ ဆက်သွယ်ဆောင်ရွက်ရေးနှင့် သတင်းအချက်အလက် အတူခံစားစေရေး လုပ်ငန်းများကို လည်းဆတက်ထမ်းပိုး တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည်။ ငွေစုအာမခံစနစ်ကို တရားဝင် ဖော်ဆောင်ပြီး စနစ်ကျသော ငွေရေးကြေးရေး စွန့်စားမှုကာကွယ်ရေးနှင့် စီမံဆောင်ရွက်ရေးစနစ်ကို ပြီးပြည့်စုံအောင် တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည်။

တရုတ်ပြည်သူ့ဘဏ် ကူမင်းဗဟိုဘဏ်ခွဲ ဥက္ကဋ္ဌဖြစ်သူရန်ငေ ရှာက်ဖင်က "တစ်ဇုန်တစ်လမ်း" မဟာဗျူဟာနှင့် တောင်အာရှ၊ အရှေ့တောင်အာရှသို့ မျက်နှာမူသော ဖြာထွက်မှုစင်တာတည်ဆောက်ရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ခြင်းသည် ယူနန်ပြည်နယ်၏ ငွေရေးကြေးရေး လုပ်ငန်းတိုးချဲ့ တံခါးဖွင့်ရေးအတွက် ရတောင့်ရခဲသော အခွင့်ကောင်းပင်ဖြစ်ကြောင်း၊ ငွေရေးကြေးရေး ဘက်စုံပြုပြင်ပြောင်းလဲသော မူဝါဒများ၏ ချမှတ်ခြင်းသည် ယူနန်ငွေရေးကြေးရေး လုပ်ငန်း၏ လျင်မြန်စွာတိုးတက်စေရေးအတွက် ပိုမိုအားကောင်းသော မူဝါဒဆိုင်ရာထောက်ခံမှုပေးနိုင်မှာဖြစ်ကြောင်း၊ "(၁၃)ခုမြောက်ငါးနှစ်စီမံကိန်း" ကာလသည်ယူနန်၏ ငွေရေးကြေးရေးလုပ်ငန်း ပြုပြင်ပြောင်းလဲ၍ ဖွံ့ဖြိုးတိုးတက်စေမည့် ရွှေဝါရောင်ကာလဖြစ်ပါကြောင်းယူဆထားသည်။

**သတင်းထောက် - မာမျောင်**

## ၂၀၁၅ ခုနှစ်တွင် ယူနန်ပြည်နယ်၏ နယ်စပ်ဂိတ် အပြန်အလှန်ကုန်သွယ်မှုပမာဏသည် ယမန်နှစ် အလားတူကာလကထက် ၃၂.၉ ရာခိုင်နှုန်းတိုးတက်

နယ်စပ်နေပြည်သူများ အပြန်အလှန်ကုန်သွယ်မှု၏ အသက်ဝင်လာခြင်းကြောင့် နယ်စပ်ဂိတ်များ၏ အပြန်အလှန် ကုန်သွယ်မှုပမာဏကို တိုးမြှင့်စေခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ယူနန်ပြည်နယ်၏ နယ်စပ်နေပြည်သူများ၏





အပြန်အလှန်ကုန်သွယ်ခဲ့သည့် ကုန်စည်များမှာ တန်ချိန် ပေါင်း(၄.၇၁၁)သန်း ရောက်ရှိပြီး ကုန်သွယ်မှုတန်ဖိုးပမာဏမှာယွမ်၁၀.၅ဘီလီယံရှိသည်။ ယမန်နှစ်အလားတူကာလကထက် ၂၈.၁ရာခိုင်နှုန်းနှင့် ၃၂.၉ ရာခိုင်နှုန်း အသီးသီး တိုးတက်ပြီး နယ်စပ်အပြန်အလှန် ကုန်သွယ်မှုပမာဏသည် ပထမဆုံးအကြိမ် ယွမ်ပေါင်း ၁၀ ဘီလီယံကျော်နိုင်ခဲ့သည်။ ၎င်းအနက် မုန်လား၊ မုန်တင်၊ ထျန်းပေါင်၊ ကျင်းရွှေဟော်၊ ဟော်ခို၊ ရွှေလီ နယ်စပ်ဂိတ်တို့၏ အပြန်အလှန် ကုန်သွယ်မှုပမာဏသည် ယွမ်ပေါင်း ၁ ဘီလီယံအထက် ရောက်ရှိပြီး ယူနန်ပြည်နယ်၏ နယ်စပ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ တွန်းအားပေးနိုင်ခဲ့သည်။

နယ်စပ်ပြည်သူများ အပြန်အလှန်ကုန်သွယ်မှုသည် နယ်စပ်ဒေသများတွင် ထူးခြားချက် အရှိဆုံးသော နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုနည်းလမ်းဖြစ်သည်။ အိမ်နီးချင်းနိုင်ငံရှိ နယ်စပ်နေပြည်သူများသည် နယ်စပ်မျဉ်းကြောင်း ကီလိုမီတာ (၂၀)အတွင်းမှ သတ်မှတ်ထားသော ဈေးများတွင် ကုန်ပစ္စည်းများရောင်းဝယ်ဖလှယ်ကြပြီး အသင့်အတင့်ရှိသော ငွေပမာဏအတွင်း အခွန်ကင်းလွတ်ခွင့် ခံစားနိုင်သည်။ အဆိုပါ လက်တွေ့ကျသော ဦးစားပေးမူဝါဒသည် နယ်စပ်နေပြည်သူများ၏ နေ့စဉ်နေထိုင်မှု လိုအပ်ချက်ကို ရောင့်ရဲပေးနိုင်သည့်အပြင် အိမ်နီးချင်းနိုင်ငံရှိ နယ်စပ်နေပြည်သူများအားချမ်းသာစေသော လမ်းကြောင်းကိုလည်းထောက်ပံ့ပေးနိုင်သည်။ ထို့ကြောင့် အများပြည်သူတို့၏ အကြိုဆိုခံခဲ့ရသည်။

ပြီးခဲ့သည့်နှစ်များအတွင်း စင်ကာပူနိုင်ငံသို့ အလုပ်သွားလုပ်ခဲ့သော လိမ်မိုဟုန်သည် ၂၀၁၃ ခုနှစ်က အမိမြန်မာနိုင်ငံသို့ ပြန်လာခြင်းဖြစ်သည်။ နယ်စပ်ပြည်သူများ အပြန်အလှန် ကုန်သွယ်မှုဈေးကွက်၏ စည်ကားပုံကို မြင်ရသော် ချက်ချင်းပင် ကြံဆလာသည်။ ၎င်းသည် မြန်မာနိုင်ငံ ချင်းရွှေဟော်မြစ်ကမ်းတွင် တရုတ်မိုသုံးလေးဆယ်ကျယ်ဝန်းသော မြေကွက်ကိုငှါးရမ်း၍ ဟင်းသီးဟင်းရွက်များကိုစိုက်ပျိုးပြီး ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်အားလုံးကို တရုတ်နိုင်ငံသို့ ရောင်းချလိုက်သည်။ မိမိစိုက်ပျိုးထားသမျှများဖြင့် ရောင်းချရန် မလုံလောက်သောကြောင့် မြန်မာနိုင်ငံဘက်မှ ကုန်အရင်းအမြစ်ကို စုစည်းလိုက်သည်။ နှစ်နှစ်ကြာကာလအတွင်း အရည်အသွေးပြည့်မီပြီးဈေးနှုန်းသက်သာသော မြန်မာနိုင်ငံဟင်းသီးဟင်းရွက်သည် နယ်စပ်ဈေးကွက်များတွင် နာမည်ကျော်ကြားလာတော့သည်။ ဟင်းသီးဟင်းရွက်များ ရောင်းချရုံနှင့် လိမ်မိုဟုန်သည် တစ်နှစ်လျှင်ဝင်ငွေယွမ် သုံးလေးသိန်း ရရှိနိုင်သည်။

တနေ့တခြား စည်ကားလျက်ရှိသောနယ်စပ်ပြည်သူများ အပြန်အလှန်ကုန်သွယ်မှုကိုကောင်းမွန်စွာ ဝန်ဆောင်မှုပေးနိုင်ရန် ယူနန်အကောက်ခွန်ဌာနသည် အဆင်ပြေလွယ်ကူစွာ ဂိတ်ဖြတ်စေရန် ဆောင်ရွက်ချက်စီးရီးစ်ကို ချမှတ်ခဲ့သည်။ လတ်လတ် ဆတ်ဆတ်ထိန်းသိမ်းရန် လိုအပ်သော ကုန်ပစ္စည်းများအတွက် "အစိမ်းရောင် လမ်းကြောင်း" ဖွင့်လှစ်ခြင်းသည် အထက်ပါဆောင်ရွက်ချက်များအနက် တစ်ခုပင်ဖြစ်သည်။ တစ်ချိန်တည်းတွင် အကောက်ခွန်ဌာနသည် နယ်စပ်ပြည်သူများ အပြန်အလှန်ကုန်သွယ်မှု လမ်းကြောင်းမှ မှောင်ခိုမှုပြုလုပ်ခြင်းကို အားဖြည့်တိုက်ဖျက်ပြီး ကောင်းမွန်သော ဈေးကွက်စနစ်ကို ထိမ်းသိမ်းနိုင်ခဲ့သည်။

**သတင်းထောက် - ဝူဖင်**

# “ကောင်စစ်ဝန်ချုပ်များ နှစ်သစ်ဂီတပုံပြင်ပွဲ(၂၀၁၆)”တွင် အာဆီယံကောင်စစ်ဝန်ချုပ်များ၏ယူနန်သံယောဇဉ်ကို ပြောပြ




ကောင်စစ်ဝန်ချုပ်(၈)ဦးကို တွေ့ရစဉ်။

“ကျွန်တော်ယူနန်နှင့် ချိန်းထားရန်ရှိသည်--ကောင်စစ်ဝန်ချုပ်များ နှစ်သစ်ဂီတပုံပြင်ပွဲ(၂၀၁၆)”ကို မကြာမီကူမင်းမြို့ရှိ ဂျပန်ခုခံရေးအောင်ပွဲရ အထိမ်းအမှတ်ခန်းမဆောင်တွင် ကျင်းပခဲ့သည်။ အခမ်းအနားတွင် တရုတ်ဒြပ်စင်ပါဝင်သော ယဉ်ကျေးမှု အနုပညာအစီအစဉ်နှင့် အခမ်းအနားသို့ ပါဝင်တက်ရောက်လာသော အရှေ့တောင်အာရှနိုင်ငံအသီးသီး၏ ထူးခြားချက်များနှင့် ပေါင်းစပ်ထားသည်။ မလေးရှား ကောင်စစ်ဝန်ချုပ်၏ စွန်၊ ကမ္ဘောဒီးယားကောင်စစ်ဝန် ချုပ်၏ လက်ဖက်အတတ်ပညာ၊ မြန်မာနိုင်ငံ၏ ဟင်းသီးဟင်းရွက်၊ ထိုင်းနိုင်ငံကောင်စစ်ဝန်ချုပ်၏ ထိုက်ကျီသိုင်း၊ ဗီယက်နမ်နိုင်ငံ၏ပင်လယ်စာစသည်တို့သည် လတ်ဆတ်လန်းဆန်းသော မှတ်တမ်းတင်ကားတိုရှိသည်၊ အခမ်းအနားတွင် စေ့စပ်သေချာစွာစီစဉ်ထားသော အနုပညာအစီအစဉ်လည်းရှိသည်။ ထို့ကြောင့်ယင်းယဉ်ကျေးမှုပွဲတော်ကြီးအား ဂီတပွဲအကြောင်းအရာနှင့် ပုံပြင်ပွဲအကြောင်းအရာတို့ကို တစ်ပါတည်း ပါရှိစေခဲ့သည်။


ယခုအကြိမ်”ကျွန်တော် ယူနန်နှင့် ချိန်းထားရန်ရှိသည်---ကောင်စစ်ဝန်ချုပ်များနှစ်သစ်ဂီတပုံပြင်ပွဲ(၂၀၁၆)” သည်ယမန်နှစ်က ပထမအကြိမ်အဖြစ် အောင်မြင်စွာကျင်းပနိုင်ခဲ့သည့် ဆည်းဆာဖျော်ဖြေပွဲပုံစံကိုဆက်ခံ၍ ကောင်စစ်ဝန်ချုပ်များက ယူနန်နှင့်ရေ စက်ဆုံသော ပုံပြင်၊ တရုတ်ယဉ်ကျေးမှုကို ခံစားသော ပုံပြင်များကို ဆတက်ထမ်းပိုး တူးဖော်ပြီး ကောင်စစ်ဝန်ချုပ်များ၏ပုံရိပ် ကိုပိုမိုပြည့်ဝပေါ်ကြွယ်စေရန်အတွက်ဖြစ်သည်။ ပြည်တွင်းပြည်ပမှ ယဉ်ကျေးမှု အပြန်အလှန်ဖလှယ်ရန် ပြင်ပအသွင်သဏ္ဍာန်နှင့်စိတ်ဓာတ်ပိုင်း အနှစ်သာရတို့ကိုလည်းအဆင့်မြှင့်တင်စေခဲ့သည်။

လက်ရှိတွင် ယူနန်ပြည်နယ်သည် မလေးရှား၊ လာအို၊ ကမ္ဘောဒီးယား၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ် အပါအဝင်နိုင်ငံ(၇)နိုင်ငံတို့ကို ဆွဲဆောင်ပြီးကူမင်းမြို့တွင် ကောင်စစ်ဝန်ချုပ်ရုံးဖွင့်လှစ်နိုင်ခဲ့သည်။ ယမန်နှစ်ကကောင်စစ်ဝန်ချုပ်များကို ပထမအကြိမ် တွေ့ရသော အခြေခံပေါ်မူတည်၍ ယခုနှစ်တွင်ကောင်စစ်ဝန်ချုပ်များ၏ ပုံပြင်များသည်လည်း ပိုမိုကြွယ်ဝပြီး စိတ်ဝင်စားလာတော့သည်။

စွန်သည် တရုတ်နိုင်ငံမှ မြစ်ဖျားခံရခြင်းဖြစ်သည်။ ယင်းတရုတ်တိုင်းရင်းသားတို့၏ သေသပ်သိမ်မွေ့သောအတတ်ပညာနှင့် ဉာဏ်ရည်အပြည့်ပါဝင်နေသောရိုးရာလက်မှု အနုပညာလက်ရာသည်မလေးရှားနိုင်ငံသို့ ပြန့်နှံ့သွားပြီးသည့်နောက် ဒေသခံပြည်သူများကလည်း ကြိုက်နှစ်သက်ကြသည်။ ကူမင်းမြို့အခြေစိုက် မလေးရှားကောင်စစ်ဝန်ချုပ် နာစလီ • နောမန်သည် ယင်းကြိုက်နှစ်သက်သူများအနက် တစ်ဦးပင်ဖြစ်သည်။ 《လေ၏ဆွဲငင်မှု》 တွင် ၄င်းနှင့်စွန်အကြားဖြစ်ပွားခဲ့သည့် ပုံပြင်များကိုမှတ်တမ်းတင်ထားခြင်းပင်ဖြစ်သည်။ စွန်၏ ဒသာနိဂဗေဒ အတွေးအခေါ်ကြောင့် မလေးရှားနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကြုံတွေ့ခဲ့ရသောအခက်အခဲများကို ဖြေရှင်းနိုင်ခဲ့သည်။ စွန်၏ သေသပ်သိမ်မွေ့သော အတတ်ပညာကြောင့်သမီးအဖတို့ အကြားမှ ချစ်ခြင်းမေတ္တာကိုပိုမိုနက်ရှိုင်းစေခဲ့ပြီး သံယောဇဉ်၏ ဆွဲငင်မှုဖြစ်လာတော့သည်။ လောလောဆယ်တရုတ်ယဉ်ကျေးမှုနှင့် တရုတ်ဉာဏ်ရည်တို့ကို တင်ဆောင်ထားသော စွန်ကလည်း တရုတ်-မလေးရှားနှစ်နိုင်ငံပြည်သူများ၏ ချစ်ကြည်ရေးကို ဆွဲငင်၍ ပိုမိုလှပကောင်းမွန်သော အနာဂတ်သို့ လျှောက်လှမ်းသွားမှာဖြစ်သည်။

《အမွှေးနံ့ရှူရှိုက်နှင့် တရုတ်နိုင်ငံကိုသိရှိနိုင်》 သည်ကူမင်းမြို့အခြေစိုက် လာအိုနိုင်ငံ ကောင်စစ်ဝန်ချုပ်ပိန်လျှန့် ဟုံအုံစွန်က အမွှေးနံ့မှအစပြု၍ တရုတ်နိုင်ငံ၊ တရုတ်ယဉ်ကျေးမှု နှင့်တွေ့ဆုံသိရှိလာခြင်းကို ဖော်ပြသောပုံပြင်ဖြစ်သည်။ ၂၀၁၅ ခုနှစ်သည် ပိန်လန့် ဟုံအုံစွန်အတွက် အောင်မြင်မှုအများအပြား ရရှိခဲ့သောနှစ်တစ်နှစ်ဖြစ်သည်။ တရုတ်-လာအိုယဉ်ကျေးမှု ဖလှယ်ရေးအတွက်လည်း သမိုင်းဝင်လောက်သော နှစ်တစ်နှစ်ဖြစ်သည်။ ယင်းနှစ်တွင် တရုတ်၊ လာအိုနှစ်နိုင်ငံ ခေါင်းဆောင်များသည် ချစ်ကြည်ရေး အသွားအလာများပြားသည့်အပြင် ယူနန်ပြည်နယ်နှင့် လာအိုနိုင်ငံတို့အကြားလည်း ပိုမိုရင်းနှီးစွာ ဆက်ဆံနိုင်ခဲ့သည်။ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးချိန်ဟောင်သည် မေလက လာအိုနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး 《တရုတ်ကာတွန်း》၊ 《တရုတ် ဇာတ်လမ်း》၊ 《တရုတ်စိုက်ပျိုးရေးဉယျာဉ်》 စသည့်တရုတ်စတိုင်လ်ပါရှိ သောရုပ်မြင်သံကြား အစီအစဉ်ကြီးသုံးခုကိုလာအိုနိုင်ငံ ဗဟိုရုပ်မြင်သံကြားဌာန တွင်တရားဝင် ထုတ်လွှင့်ခဲ့ခြင်းကိုလည်း မျက်မြင်သက်သေပြုခဲ့သည်။ ယူနန်ပြည် နယ် ပါတီကော်မတီ အတွင်းရေးမှူး လီကျိဟိန်သည် နိုဝင်ဘာလကလာအိုနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရာတွင် ယူနန်အသံလွှင့်နှင့်ရုပ်မြင်သံကြားဌာန အင်တာနေရှင်နယ်လိုင်းမှ လာအိုဘာသာစကားဖြင့် ဘာသာပြန်ထုတ်လုပ်ထားသော 《လျှာထိပ်ပေါ်ကတရုတ်ပြည်》 ခွေကိုယူဆောင်သွား၍ လာအိုဝန်ကြီးချုပ် စုံဆားဝါ•လင်ဆားဝါနှင့် လာအိုနိုင်ငံအစိုးရဌာနများသို့လက် ဆောင်အဖြစ်ပေးခဲ့သည်။ တရုတ်၊ လာအို နှစ်နိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုသည် လုပ်ငန်းများကိုအရှိန်အဟုန်ဖြင့်တိုးမြှင့်စေနိုင်သည်။ ကောင်စစ်ဝန်ချုပ်ပိန်လျှန် •ဟုံအုံစွန်၏ နေ့စဉ်ဘဝကိုလည်းပြောင်းလဲစေခဲ့သည်။ အမွှေးနံ့တရားသင်ယူခြင်း၊ နှစ်ချိုးစပ်စာတန်းရေးသားခြင်းတို့ဖြင့် ပိန်လျှန်•ဟုံအုံစွန်သည် တရုတ်ယဉ်ကျေးမှုကို တစတစနှစ်သက်လာသည်။ အခမ်းအနားတွင် ၄င်းကလည်း တရုတ်ဘာသာဖြင့် တရုတ်မိတ်ဆွေများအားနွေဦး၏ ပထမဆုံးသော ဆုတောင်းမှု ပေးခဲ့သည်။

ကူမင်းမြို့အခြေစိုက်ကမ္ဘောဒီးယားနိုင်ငံကောင်စစ်ဝန် စိုးခိုလာ့တင်း၏ အားလပ်ချိန်တွင် အနှစ်သက်ဆုံးမှာ လက်ဖက်ရည် သောက်သုံးခြင်းပင်ဖြစ်သည်။ 《ပိုးလမ်းမပေါ်မှ လက်ဖက်သံယောဇဉ်》 သည်တမူထူးခြားသော မြင်ကွင်းဖြင့် မစ္စတာစိုးခိုလာတင်းက ကူမင်းမြို့သို့ရောက်ရှိပြီးသည့်နောက် ဖူးလ်လက်ဖက်နှင့် ရေစက်ဆုံခဲ့သော ပုံပြင်ကို မှတ်တမ်းတင်လိုက်ခြင်းဖြစ်သည်။ တရုတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်စဉ်အတွင်း စိုးခိုလာတင်းသည် တရုတ်နိုင်ငံ၏ လက်ဖက်ယဉ်ကျေးမှုကို အထူးသင်ယူခဲ့သည်။ လက်ဖက်ပြုတ်ခြင်း၊ လက်ဖက်မည်းခြင်းအကြားတွင် လက်ဖက်၏ ကမ္ဘဌာန်းတရားကို ခံစားရသည်။ ရှေးကျသောပိုးလမ်းမကြီးသည် တရုတ်နိုင်ငံ၏ လက်ဖက်ယဉ်ကျေးမှုကို ကမ္ဘာ့အနှံ့သို့ ယူဆောင်သွားခဲ့သည်။ လက်ရှိတွင် စိုးခိုလာတင်းသည် ယင်းပိုးလမ်းမကြီးအတိုင်း ယူနန်ဖူးလ်လက်ဖက်ကိုကမ္ဘောဒီးယားနိုင်ငံသို့ တင်ပို့ပြီး ပိုများသော ကမ္ဘောဒီးယားမိတ်ဆွေများအား ယူနန်ယဉ်ကျေးမှုကို သိရှိနားလည်ပြီးဖူးလ်လက်ဖက်၏ ညှို့ဓာတ်ကို ခံစားစေကြသည်။



အကင်းပါးသော 《ကျားစည်》 ကို တင်ဆက်စဉ်။

ကူမင်းအခြေစိုက် မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးအောင်ကျော်ဦးသည် နှစ်ဦးပိုင်းတွင် အထူးလက်ဆောင်တစ်ခုကို ရရှိခဲ့သည်။ ယင်းမှာ တရုတ်နည်းပညာများ စုစည်းထားသော်လည်း မြန်မာနိုင်ငံတွင်ထွက်ရှိသည့်လတ်ဆတ်သော ဟင်းသီးဟင်းရွက်ပင်ဖြစ်သည်။ 《အဝေးမှ ရောင်စုံလယ်ကွင်း》 ကို ယင်းပုံပြင်၏ အစပိုင်းအဖြစ်ထားပြီးမြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းကိုအခြေပြု၍ တရုတ်နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာနည်းပညာ၊ ထွက်ကုန်၊ စီမံခန့်ခွဲမှု၊ အတွေ့အကြုံ၊ ရင်းနှီးမြှုပ်နှံမှု စသည်တို့မှ ပြင်ပသို့ထွက်ပြီး အဝေးရှိ မြန်မာနိုင်ငံ၏ လယ်ကွင်းများတွင်စိုက်ပျိုးကာ အောင်သီးအောင်ပန်းရရှိသည့်အပြင် မြန်မာပြည်သူများ၏ ယုံကြည်မှုနှင့်နှစ်နိုင်ငံပြည်သူများ၏ ချစ်ကြည်မှုကိုလည်း ရရှိခဲ့သည်ကိုဖော်ပြထားသည်။

ထိုက်ကျီသိုင်းကို ကောင်းကောင်းသင်ယူခြင်းသည် ကူမင်းမြို့အခြေစိုက် ထိုင်းနိုင်ငံ ကောင်စစ်ဝန်ချုပ်စူချာ•လျှန်စန်းထုံးက လွန်ခဲ့သည့်နှစ်နှစ်တွင် တရုတ်နိုင်ငံသို့ ရောက်ခါစတွင် ပထမဆုံးသော ဆန္ဒတစ်ခုဖြစ်သည်၊ တာဝန်ပြီးဆုံး၍ ထွက်ခွာခါနီးကာလအတွင်း နောက်ဆုံးသောဆန္ဒတစ်ခုလည်းဖြစ်သည်။ နှစ်နှစ်ကြာတာဝန်ထမ်းဆောင်ရန် သက်တမ်းကာလပြီးဆုံးသောကြောင့် ၄င်းသည် နှစ်နှစ်ကြာ ဝန်ဆောင်မှုပေးခဲ့သည့်ယင်းမြို့မှ ထွက်ခွာ သွားတော့မည်ဖြစ်သည်။ ဤနှစ်နှစ်တာကာလအတွင်း ရရှိထားသည့်အရေးအကြီးဆုံးသော ရလဒ်နှင့် စကားစပ်မိ၍ ဟွေစိုက်တံတား၏ ဖွင့်လှစ်ခြင်းနှင့် ကူမင်းမြို့တွင် နှစ်စဉ်ထိုင်းနိုင်ငံပွဲတော်ကို တစ်ကြိမ်၊ နှစ်ကြိမ်ခန့်ကျင်းပခဲ့ခြင်း စသည့်အတွေ့အကြုံများသည် မစ္စတာစူချာ • လျှန်စန်းထုံအားစိတ်လှုပ်ရှားစေတတ်သည်။ သို့သော် ကောင်စစ်ဝန်ချုပ်အတွက် လက်ရှိတွင် အအောက်မေ့ဆုံးမှာ မကြာသေးမီ“တစ်ဇုန်တစ်လမ်း”မူဘောင်အောက်တွင် စတင်ဆောင်ရွက်နေဆဲဖြစ်သောတရုတ်-ထိုင်းရထားလမ်းဆောက်လုပ်ရေးစီမံကိန်းပင်ဖြစ်သည်။

စာမျက်နှာ(၄)သို့-

စာမျက်နှာ(၃)မှ -

၄င်းသည်နှစ်နိုင်ငံအကြား အရှိန်မြင့်ရထားလမ်းကို ချိတ်ဆက်မိလျှင်နှစ်နိုင်ငံပြည်သူများအား ပိုမိုရင်းနှီးစေနိုင်မည်ဟုယုံကြည်မိသည်။ 《ကမ္ဘောဒီးန်းတရား၏ခွဲခွာရန်နှုတ်ဆက်ခြင်း》 သည် ထိုက်ဂျီသိုင်းသင်ယူခြင်းမှ အစပြုပြီး ဗုဒ္ဓတရားကို အစဉ်လေ့လာလျက်ရှိသော ကောင်စစ်ဝန်ချုပ်သည် ထိုက်ဂျီသိုင်း၏ အနှစ်သာရအပေါ် ဗုဒ္ဓတရားနည်းဖြင့် သဘောပေါက် နားလည်ခဲ့သည်ကို ဖော်ပြထားခြင်းဖြစ်သည်။ တစ်ချိန်တည်းတွင် ကူမင်းမြို့ အခြေစိုက် ထိုင်းနိုင်ငံကောင်စစ်ဝန်ချုပ်၏ နှစ်နှစ်တာကာလအတွင်း တရုတ်-ထိုင်းယဉ်ကျေးမှုဖလှယ်ရေး၊ ကုန်သွယ်ရေးကို ထိရောက်စွာ တိုးမြှင့်စေခဲ့သောပုံပြင်ကို မှတ်တမ်းတင်ခြင်းလည်းဖြစ်သည်။ ဗီဒီယိုကား၏အဆုံးတွင်ကောင်စစ်ဝန်ချုပ်သည် ထိုက်ဂျီသိုင်း၏ဝတ်ထုံးဖြင့်နှုတ်ဆက်ပြီး ယူနန်ပြည်နယ်ကိုနှုတ်ဆက်၊ တရုတ်နိုင်ငံကိုလည်း ဆုမွန်ကောင်း တောင်းလိုက်သည်။

ဗီယက်နမ်ပင်လယ်စာထွက်ကုန်ပမာဏ၏ ကျဆင်းခြင်း၊ ယူနန်ပင်လယ်စာအကုန်အကျ၏ မြင့်တက်ခြင်းသည် ကူမင်းမြို့အခြေစိုက် ဗီယက်နမ်နိုင်ငံကောင်စစ်ဝန်ချုပ် မစ္စတာယုစိဟုန်ကနှစ်ဦးနှစ်ဘက်တို့ကို အပြန်အလှန်အနိုင်ရစေသော အခွင့်အလမ်းကို တွေ့မြင်ခဲ့ရသည်။ 《ပင်လယ်စာချက်ခြင်းဖြင့်သူငယ်ချင်းအသိုင်းအဝန်းကိုစည်ကားစေ》 သည် ဗီယက်နမ်ထွက် ပင်လယ်စာကို အဓိကအကြောင်းအရာ အဖြစ်ထားပြီး ကောင်စစ်ဝန်ချုပ်မှ ဗီယက်နမ်နိုင်ငံသားလုပ်ငန်းလုပ်ကိုင်သူများကို ဝင်ငွေတိုးစေရန်၊ ယူနန်ပြည်သူများကို စားကောင်းသောက်ဖွယ်ခံစားစေရန်အတွက်ဗီယက်နမ်နိုင်ငံနှင့် ယူနန်ပြည်နယ် "သူငယ်ချင်းအသိုင်းအဝန်း"တို့တွင်အနံ့ ရှာဖွေခဲ့သောပုံပြင်ကိုဖော်ပြထားခြင်းဖြစ်သည်။ ယူနန်ပြည်နယ်ပါတီကော်မတီ၊ ယူနန်ပြည်နယ်အစိုးရ၏ ထောက်ခံအားပေးမှုအောက်တွင် ၂၀၁၅ခုနှစ်နှစ်ကုန်တွင် ဗီယက်နမ်နှင့်ယူနန်ပြည်နယ်အကြား ပင်လယ်ထွက်ပစ္စည်းများ ပို့ကုန်သွင်းကုန်လမ်းကြောင်းကို တရားဝင်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ဗီယက်နမ်နိုင်ငံ ရှန့်ကန်ဒေသမှ တင်သွင်းလာသော လတ်ဆတ်သည့် ပင်လယ်စာများကို ရေထဲကဖမ်းယူခြင်းမှ စားပွဲပေါ်သို့တင်ထားခြင်းအထိ (၁၅)နာရီသာ လိုတော့သည်။ ကောင်စစ်ဝန်ချုပ်ကယင်းသည်ဗီယက်နမ်နိုင်ငံနှင့် ယူနန်ပြည်နယ်အကြား ကုန်သွယ်မှု ကဏ္ဍအတွက် အောင်မြင်သော စမ်းသပ်မှုတစ်ရပ်ဖြစ်သည်၊ အနာဂတ်တွင်ပိုမို များပြားသောကဏ္ဍတွင် နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ရန်စမှတ်သစ်စိုက်ထူပေးလိုက်သည်ဟုယုံကြည်မိသည်။

တာဝန်ထမ်းဆောင်ရန် ယမန်နှစ်မှယူနန်သို့ ရောက်ရှိလာသော ကူမင်းမြို့အခြေစိုက် ဘင်္ဂလားဒေ့ရှ်နိုင်ငံကောင်စစ် ဝန်ချုပ်မစ္စတာမဟာမက်•တောတယ် • အာလီသည်တရုတ်နိုင်ငံတွင် တရုတ်နှစ်သစ်ကူးပွဲတော်ကို ပထမဆုံးအကြိမ်ကူးခဲ့ခြင်းဖြစ်သည်။ ဇနီးတော်၏လိုက်ပါမှုအောက်တွင် ၄င်းသည် အမိနိုင်ငံနှင့်ဝေးကွာ၍ တရုတ်ဘာသာကို ကြိုးကြိုးစားစားသင်ယူပြီး တရုတ်ယဉ်ကျေးမှုကို မိမိ၏လက်နှစ်ဖက်ဖြင့် ထိတွေ့ခံစားလျက်ရှိသည်။ 《နွေဦးရာသီလေညင်းကပြတင်းကပ်ပန်းကို တိုက်ခတ်၊ အားလုံးအိပ်မက်လိုက်သူ》 သည် မစ္စတာမဟာမက် • တောတယ် • အာလီသည် တရုတ်-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံတို့အကြားပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်စေခဲ့သော၊ အားလပ်ချိန်တွင်ပြတင်းကပ်ပန်းညှပ်အတတ်ကို သင်ယူရပြီး တရုတ်ယဉ်ကျေးမှု ခံစားခဲ့သောပုံပြင်ကို ဖော်ပြထားခြင်းဖြစ်သည်။ မဟာမက် • တောတယ•အာလီသည် ၄င်း၏လက်နှစ်ဖက်ဖြင့် တရုတ်-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ၏ပူးပေါင်း ဆောင်ရွက်ရေးအတွက် မျှော်လင့်ချက်တံတားတစ်စင်း ဆောက်လုပ်ခဲ့သည်။

အိန္ဒိယအကသည် သမိုင်းကြာရှည်လှသည်။ အိန္ဒိယ နိုင်ငံသားများအတွက်အကသည် အနုပညာဖြစ်ရုံသာမက ဘာသာရေးအနက်အဓိပ္ပါယ်လည်းပါရှိသည်။ အိန္ဒိယအကသည် နတ်ကိုအင်မတန် ရိုသေမြတ်နိုးပြီး ကိုယ်ကျိုးမမှုသော မေတ္တာတို့မှ မြစ်ဖျားခံရခြင်းဖြစ်သည်။ ကချေသည်ကမိမိ၏ လက်ဖျား၊ လက်မောင်း၊ မျက်စိ၊ ကိုယ်အင်္ဂါတို့ဖြင့်စကြာဝဠာအတွင်း အရာဝတ္ထုမှန်သမျှ၏ အနက်အဓိပ္ပါယ်ကို ဖွင့်ဆိုဖော်ပြခြင်းဖြစ်သည်။ 《ကချေသည်၏စကားပြော》 သည် ကြက်ခြေခတ် တည်းဖြတ်ပြုစုသောနည်းလမ်းဖြင့် အိန္ဒိယအောတီရှီးအကပညာရှင်မာထာဝေ•မူတယ်ကောင်နှင့် တရုတ်အကပညာရှင် လီချန်းချန်းတို့၏အကကို တွဲဖက်သည့်အနေဖြင့် သိရှိနားလည်စေပြီး အိန္ဒိယနှင့် တရုတ်အကအကြား ယဉ်ကျေးမှုပေါင်းစပ်ခြင်းနှင့် အပြန်အလှန် သဘောပေါက်ခြင်းကို ဖော်ပြခဲ့သည်။

ကောင်စစ်ဝန်ချုပ်(၈)ဦးတို့၏ ယူနန်နှင့်ရေစက်ဆုံကြသည့် ပုံပြင်များကြောင့် နှစ်သစ်ဂီတပုံပြင်ပွဲ၏ အငွေ့အသက်ကို အထွတ်အထိပ်သို့ အကြိမ်ကြိမ်တွန်းပို့ခဲ့သည်။ ပုံပြင်၏ မေတ္တာဖြစ်ပွါင့်နှင့် ကိုက်ညီထားသည်မှာ ဆည်းဆာဖျော်ဖြေပွဲ၏ ခံစားချက်သရုပ်ဖော်ပွိုင့်ဖြစ်သည့် ဂီတပွဲအပိုင်းသည်လည်း စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဘာသာစကားကြောင့် ဖြစ်ပေါ်လာသော အခက်အခဲများကို လျှော့နည်းစေရန် ယခုအကြိမ် "ကျွန်တော်ယူနန်နှင့် ချိန်းထားရန်ရှိသည်---ကောင်စစ်ဝန်ချုပ်များနှစ်သစ်ဂီတပုံပြင်ပွဲ(၂၀၁၆)"တွင် အက၊ ဆပ်ကပ်စသည့် ပြည်တွင်းပြည်ပမှယဉ်ကျေးမှု ထူးခြားချက်ပါသည့် အစီအစဉ်များကို အဓိကထားပြီး တင်ဆက်ခြင်းဖြစ်သည်။ သရုပ်ဆောင်များက မိမိ၏ သေသပ်သိမ်မွေ့လှသော အနုပညာတင်ဆက်ပြသမှုနှင့် မြင့်မားလှသော အနုပညာ အရည်အချင်းဖြင့် နိုင်ငံ(၈)နိုင်ငံမှ ကောင်စစ်ဝန်ချုပ်များအတွက် အကြောင်းအရာ ပေါများကြွယ်ဝပြီး ကြည့်၍ကောင်းသော အစီအစဉ်များကို တင်ဆက်ဖျော်ဖြေပေးခဲ့သည်။ ယူနန်တိုင်းရင်းသား ဝိသေသထူးခြားချက်ပါသော အက"ရောင်စုံယူနန်"၊ "ရေ၊ လ၊ ပန်း"၊ ဆပ်ကပ် "ရှမ်းမလေးနှင့်စည်"၊ အကင်းနှင့်အရိုင်းတို့ဖြင့် ပြည့်စုံသော "ကျားစည်"စသည့် အစီအစဉ်များသည် ကြည့်ရှုသူ ပရိသတ်များအား ယူနန်ယဉ်ကျေးမှု၏ ညို့ဓာတ်ကို ခံစားစေကြသည့် တစ်ချိန်တည်း ၄င်းအထဲသို့လည်းမူးယိုင်စေတော့သည်။ ထို့ပြင် အရှေ့တောင်အာရှစတိုင်လ်ကို ကိုယ်စားပြုသော အိန္ဒိယအက "တစ္ဆေအရိပ်(၇)ပါးပြိုင်တီးတေး"ကိုလည်းအများ၏ အကြိုက်နှစ်သက်ခံခဲ့ရသည်။

ဒုတိယအကြိမ် "ကျွန်တော်ယူနန်နှင့် ချိန်းထားရန်ရှိသည်---ကောင်စစ်ဝန်ချုပ်များ နှစ်သစ်ဂီတပုံပြင်ပွဲ" ဆည်းဆာဖျော်ဖြေပွဲကို"ပေါင်းသွင်းပျံ့နှံ့"သော ဆန်းသစ် တီထွင်မှုပုံစံဖြင့်အတွင်း၊ အပနှင့်စိတ်ချင်းဆက်ထားသော"တံတား" ကိုဖြည့်စွက်တည်ဆောက်ပြီး မေတ္တာဖြင့်စိတ်လှုပ်ရှားစေသော၊ ယဉ်ကျေးမှုဖြင့်လူ့ကိုပြုပြင်စေသော အနုပညာအကျိုးသက်ရောက်မှုကိုရရှိခဲ့သည်။ ကောင်စစ်ဝန်ချုပ်(၈)ဦးတို့၏ ပုံပြင်(၈)ပုဒ်မှတစ်ဆင့်ပရိသတ်များသည် ခင်မင်ရင်းနှီးသော၊ တစ်ဦးချင်းစိတ်နေသဘောထားပြည့်စုံသော သံတမန်တစ်ဦးဦးကိုတွေ့ရှိနိုင်သည့်အပြင် ယင်းသံတမန်များကယူနန်၊ တရုတ်နိုင်ငံတွင် နေထိုင်ခဲ့သည့် ဘဝတစေ့တစောင်း၊ ၄င်းတို့၏အပြော၊ အလုပ်၊ အကြိုက်များဖြင့် ခင်မင်ရင်းနှီးသဟဇာတဖြစ်သော၊ ကတိစောင့်သော၊ အပြန်အလှန် အကျိုးဖြစ်ထွန်းစေသော၊ ပွင့်လင်းသက်ညှာသော ခေတ်သစ်တရုတ်နိုင်ငံ၏ သရုပ်သကန်ကိုလည်း ကမ္ဘာသို့ ပြသနိုင်သည်။

သတင်းထောက် – ကျန်ရွှေ



စင်ပေါ်မှ "ခွန်းဝှန်း"။



ပေကျင်းအော်ပရာ တင်ဆက်ပြသနေစဉ်။